**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၂၅**

**၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်**

**(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)**

**ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဒုတိယအကြိမ် ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများအား ထုတ်ပြန်လိုက်သည်။

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဒုတိယအကြိမ် ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ ဟု ခေါ်တွင်စေရမည်။

၂။ တရားမဝင်ကုန်စည်စီးဆင်းမှု ပပျောက်စေရေး၊ တရားမဝင်ကုန်သွယ်မှုအား ပိုမိုထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေးနှင့် ထိရောက်သည့် ပြစ်ဒဏ် ချမှတ်နိုင်ရေးအတွက် ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူ ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲ ဇယားအမှတ်စဉ် ၂၀ အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှစ၍ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ထိ ယာယီဆိုင်းငံ့သွားမည်ဖြစ်ပြီး လိုအပ်ပါက ဆိုင်းငံ့ကာလ သက်တမ်းတိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂-၁၀-၂၀၂၅ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ဘ၁ - ၁ / ၃ / ၁၅ ( ၃/၂၁၃/ / ၂၀၂၅)
ရက် စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနလက်အောက်ရှိဌာနနှင့် အဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ် ⎤ မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ⎦ ထည့်သွင်းကြေညာပေးပါရန်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

အမိန့်အရ

၂/၁၀

(ဟန်ဝင်းအောင်)
ဒုတိယဝန်ကြီး

ဖြန့်ဝေခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နိုင်ငံတော်ဝန်ကြီးချုပ်ရုံး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့ရုံး